COMMITTEE REPRESENTING PYIDAUNGSU HLUTTAW

Information And Public Affairs Sub-Committee

ပြည်သူသို့ အသိပေးတင်ပြခြင်း (၆)

ရက်စွဲ။ ။ ၂၇ မတ်လ ၂၀၂၁

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) အနေနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး အကြမ်းမဖက်လှုပ်ရှားမှုကြီး၏ အဓိကဒေါက်တိုင်တစ်ခုဖြစ်သော အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်မှု (Civil Disobedience Movement – CDM) တွင် စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်နေကြသည့် ပြည်သူ့ဝန်ထမ်းများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် CRPH –CDM Supporting Team ကို ဖွဲ့စည်းကာ ကူညီပံ့ပိုးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်စစ်အုပ်စုမှ နိုင်ငံတော်အာဏာကိုလုယူထားသည့် (၂) လတာအချိန်အတွင်းတွင် ပြည်သူ့ဝန်ထမ်းများ၏ "ရုံးမတက်နဲ့ရုန်းထွက်" သပိတ် ၏ အောင်မြင်မှုကြောင့် စစ်အာဏာရှင်၏ လက်ပါးစေ အရာရှိဆိုးများ၊ ဝန်ထမ်းဆိုးများက နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အာဏာပြ ဖိအားပေးခြင်းတို့အပြင် ဝန်ထမ်းအိမ်ရာများမှ မောင်းထုတ်နှင်ချခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့မြင် ကြားသိနေရပါသည်။ CRPH နှင့် ပြည်သူ့အစိုးရအနေနှင့်လည်း လက်ရှိအချိန်တွင် CDM ဝန်ထမ်းများ၏ အခက်အခဲများကို အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးနေသည့်အပြင် နောင်အနာဂတ်တွင်လည်း ဆက်လက်လုပ်ဆောင် သွားမည့်လုပ်ငန်းစဉ်များရှိဖြစ်ပါသဖြင့် CDM တံခါးကို ခြွင်းချက်မရှိ ပိတ်သိမ်းမည့် မတ်လ (၃၁) နေ့မတိုင်မီ CDM လုပ်ဆောင်ကြရန်နှင့် CRPH ၏ Website တွင် အချိန်မီ စာရင်းသွင်းကြရန် ထပ်မံတိုက်တွန်းအပ်ပါသည်။

၃။ မြန်မာ့မြေပေါ်တွင် စစ်အာဏာရှင်စနစ်အား အမြစ်ပြတ်ခြေမှုန်းနေသည့် "နွေဦးတော်လှန်ရေး" အောင်မြင်သည်အထိ CDM လက်နက်ဖြင့် ဆက်လက်တိုက်ပွဲဝင်နိုင်ရေးအတွက် CRPH – CDM Supporting Team ၏တိုင်းနှင့်ပြည်နယ်အဖွဲ့ခွဲများ၊ CDM ခေါင်းဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်ဝေစိုးနှင့် ဒေါက်တာဝင်းမြတ်အေး၊ CDM ဝန်ထမ်းများအား ထောက်ပံ့ကူညီပေးနေသည့် ရည်ရွယ်ချက်တူလူမှုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံ တိုင်းရင်းသား အဖွဲ့အစည်းများ အားလုံးတို့သည် စာရင်းကောက်ယူခြင်း၊ စိစစ်အတည်ပြုခြင်း၊ ရံပုံငွေရှာဖွေခြင်း၊ ခွဲဝေကူညီခြင်း စသည့်လုပ်ငန်းစဉ်များကို ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံဖြင့် ညှိနှိုင်းပေါင်းစပ်ကာ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် မကြာမီကာလအတွင်း ပိုမိုစည်းစနစ်ကျသော ပံ့ပိုးကူညီမှုများ ရှိလာမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြလိုပါသည်။

၄။ CRPH အနေနှင့် "ပြည်သူနှင့်အတူ၊ ပြည်သူ့ဝန်ထမ်းများနှင့်အတူ" ဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ကို လှမ်းကိုင်နိုင်သည့် အချိန်အထိ လျှော့ခွက်ချည်းကျန် အလံမလှဲပဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် သံန္နိဋ္ဌာန်ချထားပြီးဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ပြန်ကြားရေးနှင့် ပြည်သူ့ရေးရာဆပ်ကော်မတီ